# မန္တလေး နေ့စဉ်

The Mandalay Daily


၁၉၉၇ခုနှစ် ဖြိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၉၁)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ ၁၇-၆-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် က ဂုဏ်ပြုကြိုဆို၊ နှစ်နိုင်ငံအကျိုးကိုရည်သန်၍ တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က The Great Hall of the People ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

**ဂုဏ်ပြုကြိုဆို**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့် အထူးယာဉ်တန်းသည် The Great Hall of the People သို့ ရောက်ရှိလာပြီး နိုင်ငံတော်သမ္မတသည် ဝင်ပေါက်လှေကားနေရာသို့ ရောက်ရှိသည်နှင့်

စာမျက်နှာ ၃ သို့ ❑

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၆

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ **ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ **ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ **ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၊ တွင်းအမှတ်(၂၂)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး တိုးချဲ့သေနတ်ဖောက်ယူခဲ့ရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ

နေပြည်တော် ဇွန် ၁၆



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံးစွဲရန်အတွက် လိုအပ်လျက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်ချက်များကို တိုးတက်ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများကို မအူပင်(တောင်) ဒေသနှင့် စက္ကေ့ဒေသ

စာမျက်နှာ ၁၁ သို့ ✤

၂၀၂၆ ခုနှစ်၊ ဇွန် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမည်

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအားလုံးရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှသည်။ ထို့ပြင် ရာသီဥတုမျှတရေး၊ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိသည်။ သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။ သန့်ရှင်းလှပသော သဘာဝပတ်ဝန်းကျင်သည် လူသားတို့ကို စိတ်ရွှင်လန်းစေရုံသာမက ကျန်းမာရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် လူသားတို့ကလည်း မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြုပြင်ကာ လှပအောင်ပြုလုပ်ရမည်ဖြစ်သည်။ မိမိတို့ ကမ္ဘာမြေကြီးစိမ်းလန်းစိုပြည်ရေးသည် လူသားတိုင်းအတွက် တာဝန်ရှိသောအရာပင်ဖြစ်သည်။ မိမိတို့နေထိုင်သော ပတ်ဝန်းကျင်ကို သာယာအောင်၊ စိုပြည်သည်ထက် ပိုမိုစိုပြည်လာအောင် ကြိုးပမ်းရင်း လူသားတို့၏တန်ဖိုးမှာ မြင့်တက်လာမည်ဖြစ်သည်။

ထို့အပြင် သဘာဝသယံဇာတများ၊ မြေအရင်းအမြစ်များ၊ ရေအရင်းအမြစ်များ၊ သစ်တောအရင်းအမြစ်များစသည်တို့ကို ထိန်းသိမ်းခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်အလှကို ထိန်းသိမ်းခြင်းလည်းဖြစ်သည်။ စိမ်းလန်းမှုစိုပြည်၊ စိုပြည်မှရွှင်လန်း၊ ရွှင်လန်းမှကျန်းမာ၊ ကျန်းမာမှ ချမ်းသာခြင်းအစစ်ကို ရယူနိုင်မည်ဖြစ်သည်။ ပတ်ဝန်းကျင်တွင် သဘာဝအလှတရားများစွာရှိသည်။ သဘာဝပတ်ဝန်းကျင်အလှတရားများကို ကြည့်ရှုခံစားတတ်သူများသည် လာဘ်တစ်ခုကိုရရှိသကဲ့သို့ ရွှင်လန်းနိုင်မည်ဖြစ်သည်။သဘာဝအလှကိုကြည့်မြင်သူတို့အဖို့ နေ့တစ်နေ့၏ အချိန်တိုင်း၌ သဘာဝအလှတို့ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ နံနက်ခင်းချိန် ကျေးငှက်များ၏ တေးဆိုသံသည်လည်းကောင်း၊ နေ့လယ်ခင်း၏ နေရောင်ခြည်ကို ကြံ့ကြံ့ခံကာရပ်တည်နေသော သစ်ပင်ကြီးများသည်လည်းကောင်း၊ ညနေခင်း၌ နေဝင်ချိန်ဆည်းဆာအလှ၊ ညဘက်တွင် လမင်းနှင့်ကြယ်များစသည်တို့သည်လည်းကောင်း သဘာဝပတ်ဝန်းကျင်အလှများဖြစ်သည်။

မိမိတို့နိုင်ငံသည် သယံဇာတများအပါအဝင် စိမ်းလန်းစိုပြည်သော သဘာဝအလှများစွာရှိနေပါသည်။ သို့သော်လည်း လူသားတို့ကပင် ထိုအလှများကို မသိမသာ ချို့ယွင်းပျက်စီးအောင်ပြုလုပ်နေကြသည်။ ထင်းအတွက် သစ်ခုတ်ရာမှ သစ်တောများပြုန်းတီးလာပြီး ယနေ့ကမ္ဘာရာသီဥတုများအထိ ဖောက်ပြန်လာသည်ကို လက်တွေ့ခံစားနေရပြီဖြစ်သည်။ သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရေးအတွက် သဘာဝဘေးမဲ့ဥယျာဉ်နှင့် သစ်တောများကို နိုင်ငံတစ်ဝန်း စိုက်ပျိုးထူထောင်လျက်ရှိသည်။ ယခုအခါ ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးမှုများ ကျင်းပလျက်ရှိသည်။ ထို့ပြင်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပလျက်ရှိသည်။ ယခုအခါ ထင်းအစားထိုးလောင်စာများ တီထွင်ပေးခြင်း၊ ထင်းစိုက်ခင်းများ အကောင်အထည်ဖော်ပေးခြင်း၊ သစ်တောဥပဒေများပြဋ္ဌာန်းကာ သစ်တောများတရားမဝင် ခုတ်လှဲခြင်းတို့ကို တားမြစ်လျက်ရှိသည်။

သို့ဖြစ်ရာ "ဥတုရာသီ တောကိုမှီ" ဟု ဆိုသကဲ့သို့ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်၏ ရာသီဥတုမှန်ကန်မှုအတွက် သစ်တော၊ သစ်ပင်များမှာ လွန်စွာအရေးပါလျက်ရှိရာ မျိုးဆက်သစ်လူငယ်များအနေဖြင့် သဘာဝပတ်ဝန်းကျင်အလှတရားကို မပျက်စီးအောင် ထိန်းသိမ်းရမည်ဖြစ်သည်။ မိမိတို့၏ နောင်လာနောင်သားများကောင်းစားရေးအတွက် သစ်ပင်၊ ပန်းမန်များစိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သော သဘာဝအလှတရားများကို ဖန်တီးပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာအမျိုးသမီးကော်ဖီကွန်ရက်မှ MWCN Cup Tasters Championship 2026 ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**

မြန်မာအမျိုးသမီးကော်ဖီကွန်ရက် (Myanmar Women Coffee Network-MWCN)က ပထမဆုံးအကြိမ် ကြီးမှူးကျင်းပမည့် MWCN Cup Tasters Championship 2026 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့ရှိ Yangon Specialty Coffee Hub၊ ဝန်ကြီးများရုံး (The Secretariat Yangon)၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီဝါသနာရှင်များ၊ ကော်ဖီကျွမ်းကျင်သူများ၏ အရသာခံနိုင်စွမ်းရည် (Sensory Skills)များကို မြှင့်တင်ဖော်ထုတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ကော်ဖီများ၏ ထူးခြားသည့်အနံ့အရသာများကို အလျင်မြန်ဆုံးနှင့် အမှန်ကန်ဆုံး ခွဲခြားနိုင်စွမ်းရှိသူများအား ရွေးချယ်ဂုဏ်ပြုသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ထူးချွန်စွာအောင်မြင်မှုရရှိသူများအား Champion၊ 1st Runner UP နှင့် 2nd Runner Up ဆုများချီးမြှင့်သွားမည်ဖြစ်ပြီး ဂုဏ်ပြုဒိုင်းဆုများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များကိုလည်း ပေးအပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၂၀၂၆ ခုနှစ် ဇွန် ၂၅ ရက် နောက်ဆုံးထား၍ သတ်မှတ်ထားသော Google Form မှတစ်ဆင့် စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ကြေးအဖြစ် ငွေကျပ် ၁၅၀,၀၀၀ ပေးသွင်းရမည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲဝင်များအား ပြိုင်ပွဲနေ့တွင် ဝတ်ဆင်ရန် အထိမ်းအမှတ် တီရှပ်တစ်ထည် လက်ဆောင်ပေးအပ်သွားမည်ဖြစ်သည်။

ထို့အပြင် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စနစ်တကျ နားလည်သဘောပေါက်စေရန် Pre-Competition Workshop အစီအစဉ်တစ်ရပ်ကိုလည်း ကြိုတင်ကျင်းပပေးသွားမည်ဖြစ်ပြီး Workshop ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို မကြာမီ ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-စ)

၀-၀-၀-၀-၀

၀-၀-၀-၀

## ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန် (REZ)စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် MRF မှ ဖိတ်ခေါ်ထား

**မန္တလေး ဇွန် ၁၆**

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန် (REZ)စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် တစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀ ကို သတ်မှတ်မျိုးကွဲ သုံးမျိုးထက်မပိုစေဘဲ စိုက်ပျိုးထုတ်လုပ်မှုဆောင်ရွက်နိုင်သည့် ကုမ္ပဏီ၊ သမဝါယမအသင်းအဖွဲ့များကို MRF မှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)တို့၏ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone-REZ)စီမံကိန်းကို ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် Export Value Chain ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ထုတ်လုပ်မှုတိုးတက်ရေးအတွက်လည်းကောင်း ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းကို နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထောက်ပံ့ကူညီမှု၊ ပို့ကုန်လုပ်ငန်းရှင်များ၏ စိုက်ပျိုးစရိတ်ချေးငွေစီစဉ်ပေးမှုတို့ဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေး၊ ကျေးလက် လူနေမှုဘဝမြှင့်တင်ရေးနှင့် ပြည်ပပို့ကုန်များ အရည်အသွေးနှင့် အရေအတွက် တိုးတက်စေရေး တို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နိုင်ရန် စီမံကိန်းတွင် ပြည်ပပို့ကုန်ကုမ္ပဏီများ၊ တစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀ ကို သတ်မှတ်မျိုးကွဲ သုံးမျိုးထက်မပိုစေဘဲ စိုက်ပျိုးထုတ်လုပ်မှုဆောင်ရွက်နိုင်သည့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၊ ကန်ထရိုက်လယ်ယာ ဆောင်ရွက်နေသည့် ကုမ္ပဏီများ တောင်သူလယ်သမားအစုအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်လိုသည့် ဆန်စပါးလုပ်ငန်းဆောင်ရွက်ရသည့် MSME များမှ အချိန်မီဆက်သွယ်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်ထားသည်။ Rice Export Zone ဆိုင်ရာ အသိပညာပေးစာရွက်များအား ပူးတွဲထုတ်ပြန်ပေးထားပြီး စိတ်ဝင်စားသူများအနေဖြင့် ၂၀၂၆ ခုနှစ်၊ မိုးစပါးရာသီတွင် အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ဇွန်လကုန်နောက်ဆုံးထားပြီး ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဖိတ်ခေါ်ထားကြောင်း သိရသည်။

(ရွှေမန်း)

၀-၀-၀-၀-၀

## ကျောက်ဆည်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်းဆောင်ရွက်

**မန္တလေး ဇွန် ၁၆**

မန္တလေးဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)အသင်းကြီးမှ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက် ၉ နာရီက သွေးလှူဒါန်းခြင်း အခမ်းအနားဆောင်ရွက်ခဲ့သည်။




ဦးစွာ မန္တလေးဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) အသင်းကြီးမှဦးစီးပြီး အသင်းဝင်ဆရာတော်နှစ်ပါးနှင့် လူပုဂ္ဂိုလ် ၅၁ဦးက စုပေါင်းသွေးလှူဒါန်းခြင်းဆောင်ရွက်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) အသင်းမှ ဗဟိုဥက္ကဋ္ဌ ဦးမြင့်အောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်သိန်း၊ ဗဟိုအတွင်းရေးမှူး ဦးကျော်ဆန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးမိုးဇော်ထွန်း၊ တိုင်းအတွင်းရေးမှူး ဦးမြင့်ဦး၊ တိုင်းအမှုဆောင်ခရိုင်ဥက္ကဋ္ဌ ဦးသန်းထွန်းတို့က သွေးအိတ်များကို ကျောက်ဆည်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇင်သန်းဝေထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြသည်။


ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)အသင်းကြီး၏ အဓိကရည်ရွယ်ချက်မှာ ဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှုဖြစ်ပြီး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နှစ်(၁၂၀)ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

❑ ရှေ့ဖုံးမှ

တစ်ပြိုင်တည်း လေ့ကား၏တစ်ဖက်တစ်ချက်စီတွင် ကြိုတင်နေရာယူထားကြသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြိုဆိုကြကာ ထရမ်ပတ်အဖွဲ့ကလည်း တီးမှုတ်ဂုဏ်ပြု ကြိုဆိုကြသည်။ အလားတူ ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၂၁ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား အသင့်စောင့်ကြိုနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပြီး နှစ်နိုင်ငံအလံများ နောက်ခံထား၍ လက်ဆွဲနှုတ်ဆက်ကြရာ မီဒီယာများက မှတ်တမ်းရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် လျှောက်လမ်းအတိုင်း ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့် စင်မြင့်နေရာသို့ အတူတကွ သွားရောက်ကြသည်။ အလေးပြုခံ စင်မြင့်အနောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက မြန်မာဘက်မှ ကိုယ်စားလှယ်များအား ဦးစွာလိုက်လံနှုတ်ဆက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော် သမ္မတက တရုတ်ဘက်မှ ကိုယ်စားလှယ်များအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် အလေးပြုခံစင်မြင့်ထက်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြကာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့အလံရှိရာသို့ သွားရောက်၍ ဦးညွှတ်အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးပြီး နိုင်ငံတော်သမ္မတနှစ်ဦးသည် အလံများ ဝှေ့ယမ်းကြိုဆိုလျက်ရှိသည့် ကလေးငယ်များအား လက်ပြနှုတ်ဆက်၍ အလေးပြုခံစင်မြင့်ထက်တွင် ပြန်လည်နေရာယူကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုထွက်ခွာမှုကို ခံယူကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဖူကျန့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် တွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်မည့် ဖူကျန့်ခန်းမဆောင်သို့ အတူတကွ ထွက်ခွာကြသည်။

**တွေ့ဆုံဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ ဖူကျန့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က **တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆို**ပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို သက်ဝင်ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုသည် ၇၆ နှစ်မြောက်ကာလသို့ ရောက်ရှိပြီဖြစ်ပြီး အေးအတူပူအမျှ အသိုက်အဝန်းကို ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကို အထူးတန်ဖိုးထားရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် နယ်မြေပိုင်ဆိုင်မှုကို အလေးထားပါကြောင်း၊ **မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်ထောက်ခံ**ပါကြောင်း၊ ယခင်နှစ်အတွင်း မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဦးတည်ချက်များနှင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုအပေါ် ဘက်စုံ အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ **မိမိတို့နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်**ပါကြောင်းဖြင့် ဦးစွာဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာကြိုဆိုမှုများနှင့် နွေးထွေးစွာ ဧည့်ဝတ်ပြုမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုခရီးစဉ်သည် မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက် ပထမဆုံး နိုင်ငံတော်အဆင့်ခရီးစဉ် (State Visit)ဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအားနိုင်ငံတော်သမ္မတအဖြစ်

စာမျက်နှာ ၄ သို့

☆ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့်ကြိုဆို

☆ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်ထောက်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်

❑ အဓိက ရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးတို့ပင်ဖြစ်

❑ မိမိတာဝန်ယူသည့်အချိန်တွင် စာမျက်နှာသစ်ဖွင့်မည်ဟုပြောခဲ့ကာ နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို သက်ဆိုင်သူအားလုံး လိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက်နေ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

- နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၏ ထိတွေ့ဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိနေ
- မိမိတို့သည် မဟာဗျူဟာမြောက်ယုံကြည်မှုကို ခိုင်မာမှုရှိစေရမည်ဖြစ်ပြီး ရှုပ်ထွေးလှသည့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများအကြား နှစ်နိုင်ငံယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်
- နှစ်နိုင်ငံအကျိုးစီးပွား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး ဆက်လက်ဆောင်ရွက်သွားမည်
- နှစ်နိုင်ငံအကြား လုံခြုံရေးပိုင်းဆိုင်ရာနယ်ပယ်၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာနယ်ပယ်များတွင်လည်း ခိုင်မာမှုရှိရမည်

*စာမျက်နှာ ၃ မှ*

ရွေးချယ်တင်မြှောက်ခံခဲ့ပြီးနောက် နာရီပိုင်းအတွင်း၌ အဆွေတော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လက်ခံရရှိခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အခမ်းအနားသို့လည်း အဆွေတော်၏ အထူးကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ မစ္စတာကျန်းရှင်းကျစ်ကို စေလွှတ်ပေးခဲ့ပါကြောင်း၊ ယင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြန်မာနိုင်ငံအစိုးရသစ်အပေါ် အလေးအနက်ထားမှုနှင့် မိမိတို့နှစ်ဦးအကြား ခင်မင်ရင်းနှီးမှုကို ပြသနေခြင်းပင်ဖြစ်ကြောင်း။

မိမိအနေဖြင့် အဆွေတော်၏ ဖိတ်ကြားချက်ကို အထူးအလေးထားပြီး လာရောက်ခဲ့ခြင်းဖြစ်ပြီး မိမိအနေဖြင့် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်မှု ၁၃ ကြိမ်မြောက် ခရီးလည်းဖြစ်ကြောင်း၊ **အဓိကရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်နိုင်ရေးတို့ပင်ဖြစ်ကြောင်း။**

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီနစ်ကို ခိုင်ခိုင်မာမာကျင့်သုံး လျှောက်လှမ်းလျက်ရှိပြီး **မိမိတာဝန်ယူသည့်အချိန်တွင် စာမျက်နှာသစ်ဖွင့်မည်ဟုပြောခဲ့ကာ နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို သက်ဆိုင်သူအားလုံး လိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက်နေပါကြောင်း။**

မိမိတို့နှစ်ဦးအနေဖြင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ဖူးကြပြီး **နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၏ ထိတွေ့ဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါကြောင်း၊** လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်စတင်တာဝန်ယူနေပြီဖြစ်ပြီး အစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေသည့် ကာလဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း မတ်လဆန်းပိုင်းတွင် အရေးကြီးအစည်းအဝေးဖြစ်သည့် (၁၄)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီအစည်းအဝေး (Two Sessions) ကို ကျင်းပခဲ့ပြီး ချမှတ်ခဲ့သည့် (၁၅) ကြိမ်မြောက် ငါးနှစ်သက်တမ်းအတွက် အရေးကြီးသည့် မူဝါဒများကို ချမှတ်ကျင့်သုံးနေချိန်ဖြစ်ကြောင်း၊ Two Sessions အစည်းအဝေးတွင် ချမှတ်ခဲ့သည့် မဟာဗျူဟာ ဦးတည်ချက်များသည် တရုတ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက်သာမက မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် မိမိတို့ နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွားဖော်ဆောင်ပေးမည့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားရန် အချိန်အခါကောင်းပင်ဖြစ်ပါကြောင်း။


နှစ်နိုင်ငံဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ကျင့်သုံးလျက် အိမ်နီးချင်းကောင်းဆက်ဆံရေး ခိုင်မာစွာထိန်းသိမ်းထားလျက်ရှိပါကြောင်း၊ ထို့အပြင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး လိုအပ်သည့်အချိန်တွင် အပြန်အလှန် ကူညီပံ့ပိုးရပ်တည်ပေးသည့် နိုင်ငံများဖြစ်ကြပါကြောင်း၊ ယခုကဲ့သို့ အခါအခွင့်သင့်သည့်အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အပြည့်အဝ ထောက်ခံကြောင်း ထပ်လောင်းအတည်ပြုလိုပါကြောင်း၊ ထို့အပြင် အဆွေတော် ဦးစီးဖော်ဆောင်နေသည့် ကမ္ဘာလုံးဆိုင်ရာ အစီအမံများဖြစ်သော GGI၊ GSI၊ GDI နှင့် GCI တို့ကို ထောက်ခံကြောင်းကိုလည်း ပြောကြားလိုကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေပြီး နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ယင်းဒေသများရှိ နှစ်နိုင်ငံပြည်သူများ၏ သာယာဝပြောမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အောင်မြင်စွာဖြင့် အပြည့်အဝဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်ရေးကို မဖြစ်မနေဆောင်ရွက်သွားရန်လိုပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်ပြီး NCA လမ်းကြောင်းအတိုင်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံနှင့်ပူးပေါင်း၍လည်း နှစ်နိုင်ငံနယ်စပ်များကို အခြေပြုနေသည့် တရားမဝင်လုပ်ငန်းများကို အမြစ်ပြတ်သည်အထိ ဆက်လက်တားဆီးနှိမ်နင်းသွားမည်ဖြစ်ကြောင်း။


မိမိ၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရာတွင် နယ်စပ်ဂိတ်များသည် အထူးအရေးကြီးပြီး နယ်စပ်ဂိတ်နှင့် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပြီး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် စာမျက်နှာသစ်ကို ဖွင့်လှစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအချင်းချင်း ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်သည် တရုတ်နိုင်ငံ၏ (၁၅)ကြိမ်မြောက် ငါးနှစ်စီမံကိန်း စတင်သည့်နှစ်ဖြစ်ပြီး လုံခြုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ အေးအတူပူအမျှ အသိုက်အဝန်းကို တည်ဆောက်သွားလိုကြောင်း၊ **မိမိတို့သည် မဟာဗျူဟာမြောက်ယုံကြည်မှုကို ခိုင်မာမှုရှိစေရမည်ဖြစ်ပြီး ရှုပ်ထွေးလှသည့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများအကြား နှစ်နိုင်ငံယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊** မိမိတို့သည် နယ်နိမိတ်ချင်းထိစပ်မှု အရှည်လျားဆုံးနိုင်ငံဖြစ်ပြီး အယုံကြည်ရဆုံး မိတ်ဆွေနိုင်ငံ၊ အားအကိုးရဆုံး လက်တွဲဖက်မိတ်ဖက်နိုင်ငံများ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ယုံကြည်မှုကို အမြဲတန်ဖိုးထားလျက်ရှိပြီး နှစ်နိုင်ငံအကြား အဆင့်မြင့်ခေါင်းဆောင်များအချင်းချင်း အပြန်အလှန်ခရီးစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံနိုင်ငံများအကြား ဖြစ်တည်မှု၊ ရပ်တည်မှုအပေါ်တွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံရပ်တည်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂမျက်နှာစာတွင်လည်း မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံသွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့အနေဖြင့် **နှစ်နိုင်ငံအကျိုးစီးပွား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊** တရုတ်နိုင်ငံမှဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI)၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားလိုကြောင်း၊နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများ ပြန်ဖွင့်နိုင်ရေး၊ သန့်ရှင်းသည့် လျှပ်စစ်ဓာတ်အား *စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက လက်မှတ်ရေးထိုးစဉ်။





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြု

နေပြည်တော် ဇွန် ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) မှ စစ်တီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လွမ်းသူ့ပန်းခွေကိုင် အရာရှိနှစ်ဦး၏ နောက်တွင်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏နောက်တွင် တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့များသည်လည်းကောင်း အသီးသီး နေရာယူကြပြီး လွမ်းသူ့ပန်းခွေချမည့်နေရာသို့ ချီတက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)မှ စစ်တီးဝိုင်းအဖွဲ့၏ တီးမှုတ်မှုနှင့်အတူ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတသည် တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ထုတ်လုပ်ရေး၊ အရည်အသွေးမြင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်တင်သွင်းနိုင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုကြောင်း၊ မြန်မာနိုင်ငံအတွင်း ဂေဟစနစ်ထိန်းသိမ်းရေးအတွက်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(AI) နှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် ရှေ့ပြေးနိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး နည်းပညာပိုင်းဆိုင်ရာများအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်း တိုးတက်လာမှုနှင့်အတူ လုံခြုံရေးပိုင်းဆိုင်ရာများကိုလည်း ဂရုပြုဆောင်ရွက်လျက်ရှိကြောင်း။

**နှစ်နိုင်ငံအကြားလုံခြုံရေးပိုင်းဆိုင်ရာနယ်ပယ်၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ နယ်ပယ်များတွင်လည်း ခိုင်မာမှုရှိရမည်ဖြစ်ကြောင်း၊** မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေတစ်ရပ် ရေးဆွဲဆောင်ရွက်နေမှုအပေါ်တွင်လည်း ထောက်ခံကြိုဆိုပါကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တိုက်ဖျက်ရေးကို မိမိတို့အနေဖြင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိပြီး ပြန်လည်ဦးမော့လာမှုမရှိစေရေး တင်းတင်းကျပ်ကျပ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ်ပိုင်နက်နယ်မြေကို အသုံးပြု၍ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်နေမှုများကို လုံးဝခွင့်ပြုသွားမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် စိတ်ရှည်စွာဖြင့် ဆောင်ရွက်သွားရန်လိုပြီး တွေ့ဆုံဆွေးနွေးခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်းပင်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စတင်သည့် ၁၀ နှစ်တာကာလအတွင်း ခိုင်မာအားကောင်းလာခဲ့ပြီး အေးအတူပူအမျှ အသိုက်အဝန်းကို ဆက်လက်တည်ထောင်သွားရမည်ဖြစ်ကြောင်း၊ အဖွဲ့၏ရည်မှန်းချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံပြည်သူများအကြား စိတ်နှလုံးသားများနီးစပ်ရမည်ဖြစ်ပြီး အေးအတူပူအမျှအသိုက်အဝန်းကို ဆက်လက်ဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ အရေးကြီးသည့်အဖွဲ့ဝင်ဖြစ်သည်ကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ လိုအပ်သည်မှန်သမျှကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေးအတွက် အဆွေတော်သမ္မတကြီး၏ အကြံပြုပြောကြားမှုများအတွက် များစွာကျေးဇူးတင်ရှိပြီး မိမိအနေဖြင့် အလေးထားပါကြောင်း၊ **အဆွေတော် တရုတ်နိုင်ငံသမ္မတကြီး ဆွေးနွေးပြောကြားခဲ့သည့် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ယုံကြည်မှုခိုင်မာစေရေး၊ အကျိုးစီးပွားပေါင်းစည်းမှု ပိုမိုနက်ရှိုင်းစေရေး၊ လုံခြုံရေးအရ ခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေး၊ ပြည်သူများအကြား စိတ်နှလုံးနီးစပ်စေရေး စသည်အချက်များကိုလည်း မိမိအနေဖြင့် အလေးထား ထောက်ခံ**ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို အသုံးပြု၍ တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များ ဖြစ်ပေါ်မှုမရှိစေရေး အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ၉၁ ဒသမ ၃ ရာခိုင်နှုန်းသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ယုံကြည်ကိုးကွယ်ကြသူများဖြစ်ကြပြီး မြတ်ဗုဒ္ဓ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို များစွာတန်ဖိုးထားပါကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံရှိ မြတ်ဗုဒ္ဓ၏စွယ်တော်ကို မြန်မာနိုင်ငံသို့ ငါးကြိမ်မြောက် ကြွချီပြီး မြန်မာပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ရမည်ဆိုပါက အေးအတူပူအမျှ အသိုက်အဝန်းနှင့် ယှဉ်တွဲခံစားနေကြမှုများ ပိုမိုလေးနက်လာစေပြီး မြန်မာပြည်သူများကလည်း အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ကြမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ယုံကြည်မှုများ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ခင်မင်ရင်းနှီးစွာဖြင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားကျင်းပပြုလုပ်မည့် ခန်းမအတွင်းသို့ နှစ်နိုင်ငံသမ္မတနှစ်ဦး ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် ခန်းမအတွင်းရှိ ကိုယ်စားလှယ်အဖွဲ့ဝင်များက မတ်တပ်ရပ် လက်ခုပ်တီး၍ ကြိုဆိုဂုဏ်ပြုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(Global Security Initiative-GSI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-တရုတ်နှစ်နိုင်ငံအစိုးရများအကြား ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ (Global Civilization Initiative-GCI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှု (Global Development Initiative-GDI) အကောင်အထည်ဖော် ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့အပါအဝင် နှစ်နိုင်ငံအကြား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍ၊ သတင်းမီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍ၊ နည်းပညာနှင့် အသိပညာဖလှယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍတို့၌ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၈ ခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**အထူးဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အထူးဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အသင့်စောင့်ကြိုလက်ဆွဲနှုတ်ဆက်ကြိုဆိုပြီး ခန်းမအတွင်း အထူးနေ့လယ်စာကိုအတူတကွ သုံးဆောင်ကြသည်။

အထူးဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံ စစ်တီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ တေးသီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ဖျော်ဖြေကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှစ်ဦးသည် ဂုဏ်ပြုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် စစ်တီးဝိုင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အထူးနေ့လယ်စာ စားပွဲမှ ပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဆွေတော် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးနှင့် ချစ်ကြည်ရေးကို အလေးထားပေးမှုများအတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲ ထောက်ခံအားပေးရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အဆွေတော်သမ္မတကြီး ဦးဆောင်မှုအောက်တွင် ပိုမိုစည်းလုံးပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြားဆက်ဆံမှု ပိုမိုနက်ရှိုင်းစေရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်တံ့စေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် အမြင်ချင်းဖလှယ် ဆွေးနွေးလိုပါကြောင်း ဦးစွာ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား အစဉ်အလာ ကောင်းမွန်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းခိုင်မာစေမည့် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ဆွေးနွေးမှုမှတစ်ဆင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကဏ္ဍ အပါအဝင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ကာလရှည်ကြာစွာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကို ထိန်းသိမ်းခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့၏ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းသည့် အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်မှုအဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာပြုရသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် (၁၅) ကြိမ်မြောက် ငါးနှစ်သက်တမ်းစီမံကိန်း ချမှတ်ကျင့်သုံးနေချိန်ဖြစ်သကဲ့သို့ မိမိတို့ အစိုးရသစ်အနေဖြင့်လည်း ရေရှည်တည်တံ့သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန် ဖြစ်ကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရေးမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးတိုးမြှင့်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်ကောင်းများကို နှစ်နိုင်ငံအကြား လက်တွေ့ကျကျ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟုလည်း အခိုင်အမာ ယုံကြည်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်နိုင်ငံများ ဖြစ်ကြပြီး နှစ်နိုင်ငံအကျိုးကျေးဇူး မြင့်မားသည့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ ဆက်လက် ဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား နယ်ပယ်အသီးသီးတွင် ကျယ်ပြန့်စွာ ဆွေးနွေးလိုပြီး ထိရောက်သည့် အောင်မြင်မှုရလဒ်များကို ရရှိလိုပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်ရေးကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍကိုလည်း ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက် သွားလိုပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယနေ့တွင် ချုပ်ဆိုနိုင်ခဲ့သည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍစုံတွင် မြှင့်တင်နိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နယ်စပ်ကုန်သွယ်မှုကို တရားဥပဒေစိုးမိုးမှုနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာနှင့် MSME ထုတ်ကုန်များအတွက် Quarantine စံနှုန်းဆိုင်ရာ နည်းပညာပံ့ပိုးမှုမြှင့်တင်ရေးနှင့် နယ်စပ်ဖြတ်ကျော် တရားဥပဒေစိုးမိုးရေး ကဏ္ဍများတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်အတွက် တည်ငြိမ်သည့် စွမ်းအင်စနစ် တည်ဆောက်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နည်းပညာပိုင်းတို့တွင် တရုတ်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်ရေး၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ လိုအပ်သည်များ ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ စီမံကိန်းသည် နှစ်နိုင်ငံလုံးအတွက် အရေးပါသည့် စီမံကိန်းဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးတို့ အပါအဝင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress - NPC) ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ကျောက်လဲ့ကျိတို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာ ကျောက်လဲ့ကျိနှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌက အဆွေတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်



## ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ကျောက်လဲ့ကျိတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

လာရောက်မှုအပေါ် လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံမှု (၇၆) နှစ်မြောက်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ နေထိုင်လျက်ရှိကြောင်း၊ ယခင်နှစ်က အဆွေတော်သမ္မတကြီးနှင့် မိမိတို့ တရုတ်နိုင်ငံသမ္မတကြီးတို့အနေဖြင့် နှစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်အရေးပါသည့် သဘောတူညီချက်များ ရရှိခဲ့ကြကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း ထပ်မံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား အနာဂတ်လမ်းပြပေးနိုင်မည့် အရေးကြီးသည့် တွေ့ဆုံဆွေးနွေးမှုများနှင့် သဘောတူညီမှုများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ **တရုတ်-မြန်မာနှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ အပြန်အလှန်အကျိုးဖြစ်ထွန်းစေနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားလိုကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းစေလိုပါကြောင်း၊** မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များ လာရောက်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရသစ်၏ ဦးဆောင်မှုနှင့်အတူ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများစွာ မလွဲမသွေ ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ဦးစွာ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ အဆွေတော်နှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံလွှတ်တော်နှစ်ရပ်ဥက္ကဋ္ဌသစ်များထံသို့ အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ မန္တလေးငလျင်ကြီးဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်တွင် တရုတ်နိုင်ငံက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အစောဆုံးပေးအပ်ခဲ့ပြီး ပမာဏအများဆုံး ထောက်ပံ့ပေးခဲ့သည့်အတွက် အမြဲတန်ဖိုးထားလျက်ရှိပါကြောင်း၊ **တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် မြန်မာ့လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားလိုပါကြောင်း၊** ယခုအချိန်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်များလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သဖြင့် မြန်မာလွှတ်တော်အမတ်များကို တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်သွားလိုပြီး အဆိုပါလေ့လာရေးခရီးစဉ်များမှတစ်ဆင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်အုပ်ချုပ်မှုနှင့် ပြည်သူ့ကိုယ်စားပြုမှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များအကြား ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မိမိတို့လွှတ်တော်များအကြား ဆက်ဆံမှု ပိုမိုနက်ရှိုင်းလာစေရန် မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အစဉ်အမြဲအားကိုးရသည့် အိမ်နီးချင်းကောင်းဖြစ်သည့်အပြင် "မိတ်ဆွေစစ်"လည်း ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကျိုးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် ဆုမွန်ကောင်းတောင်း အပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းစေရေးဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ဝါးလက်မှု/ပရိဘောဂသင်တန်းဆင်းပွဲ ကျင်းပ

**စေတုတ္တရာ ဇွန် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက် (၁၀၀) စီမံချက်ဖြင့် အောက်ပုံ ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးလက်မှု/ပရိဘောဂသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ရာ ဖိတ်ကြားထားသည့်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟိန်းထက်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် စေတုတ္တရာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့် တာဝန်ရှိသူများမှ သင်တန်းထူးချွန်ဆုများ၊ အမှတ်တရပစ္စည်းများ၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဝါးလက်မှု/ပရိဘောဂသင်တန်းသို့ အောက်ပုံကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြောင်း ကျွမ်းကျင်နည်းပြနှစ်ဦးက မေ ၁၈ ရက်မှ ဇွန် ၁၆ ရက် အထိ ၃၀ ရက်ကြာ စာတွေ့လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ဦးသိန်းဇော်ထွန်းထံမှ သိရသည်။
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်
ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် သံရုံးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးသည်။

ယင်းနောက် သံအမတ်ကြီးက ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် စစ်သံရုံးဝန်ထမ်းများက တာဝန်ထမ်းဆောင်မှုများနှင့် ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့ရပြီးနောက်ပိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) အဖြစ် ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ပြီး သံရုံး၊ စစ်သံရုံးများမှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော်နှင့် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ကြကြောင်း၊ ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးနှင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား အကျိုးဖြစ်ထွန်းစေနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အစိုးရသစ်၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း တရုတ်နိုင်ငံမှ အပြည့်အဝအသိအမှတ်ပြုထောက်ခံလျက်ရှိပြီး ဆွေးနွေးချက်များအရ ယခုခရီးစဉ်သည် အောင်မြင်ပြီး နှစ်နိုင်ငံအကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အပြုသဘောဆောင်သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏စာမျက်နှာသစ်ကို စတင်နေပြီဖြစ်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ဖြစ်သန်းခဲ့သည့် သမိုင်းကြောင်းနောက်ခံ အခြေအနေများကိုလည်း မှန်မှန်ကန်ကန်သိရှိကြရန်နှင့် မိမိတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့နိုင်ငံ အနေဖြင့် မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်၏ ပညာရေးကဏ္ဍကို မဖြစ်မနေ အားပေးမြှင့်တင်ရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် အလေးထားအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အချင်းရှိသည့် သင်ကြားရေးဝန်ထမ်းများနှင့် ကလေးငယ်များ ပေါ်ထွက်လာရေး ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိကြောင်း၊ အသိပညာ၊ အတတ်ပညာများ ပြည့်ဝပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများကသာလျှင် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်း ရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ သံတမန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှုကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နိုင်ငံတော်မှ အရင်းအနှီးများစွာဖြင့် ပညာတော်သင် စေလွှတ်ခြင်းဖြစ်သဖြင့် အချိန်နှင့် အရင်းအနှီးများကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း။

မိမိတို့ဘဝတိုးတက်ရေးအတွက်လည်း လေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေလိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ပြီး ဉာဏ်ရည်တု AI နည်းပညာသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ တရုတ်နိုင်ငံ၏ ခေတ်မီနည်းပညာရပ်များကိုလည်း လေ့လာသွားကြရန်လိုပြီး မိမိတို့ဘဝတိုးတက်ရေးအတွက် နေ့စဉ်လူမှုဘဝတွင် အကျိုးရှိအောင် အသုံးချသွားကြရန်လိုကြောင်း၊ မိမိတို့ရောက်ရှိနေသည့် ပတ်ဝန်းကျင်ကောင်းကို အကျိုးရှိရှိ အသုံးချသွားနိုင်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်သင့်သည်များကို ဆောင်ရွက်ခြင်း၊ မဖြစ်သင့်သည်များကို မလုပ်ဆောင်ခြင်းတို့ဖြင့် စေတနာထား၍ မိမိတို့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံး၊ စစ်သံရုံးမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ရုံးဝန်ထမ်းများအရည်အသွေးမြှင့်မားရေးသင်တန်းပို့ချ



မန္တလေး ဇွန် ၁၆

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ရုံးဝန်ထမ်းများအား အရည်အသွေးမြှင့်မားရေးသင်တန်းကို ဇွန် ၁၅ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းသားဝန်ထမ်း ၆၆ ဦး တက်ရောက်လျက်ရှိသည်။

ထိုသို့ သင်ကြားပို့ချပေးရာတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စီမံဘဏ္ဍာ(ဌာနမှူး) ဒေါ်မြသီတာဦး၊ သင်တန်းရေးရာ(ဌာနမှူး)ဒေါ်အေးအေးသန့်၊ မြန်မာဘာသာပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မာထူး၊ အင်္ဂလိပ်ဘာသာဌာနမှ ကထိကဒေါ်အိသဥ္ဇာမွန်၊ နည်းပြများ ဦးသူရစံသိန်း၊ ဦးလှိုင်ဖြိုးဦးနှင့် ဦးသက်အောင်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဘာသာရပ်များကို သင်ကြားပို့ချ ပေးခဲ့ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ



နေပြည်တော် ဇွန် ၁၆

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၂ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jang Phang နော်တောင်(ခ) ဦးနော်တောင်က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းမှစတင်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ ချိတ်ဆက်ဆောင်ရွက်ရသည့် ဥပဒေပြုလုပ်ငန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာပြီး လွှတ်တော်လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါတွင်လည်း အရည်အသွေးများ၊ စွမ်းရည်များကို မြှင့်တင်ပေးနိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ လုပ်ဆောင်ချက်များအနက် သာဓကတစ်ခုကို တင်ပြရမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁)၊ (၂)၊ (၅) ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌများ အချင်းချင်းပေါင်းစပ်ပြီး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထိုသို့ညှိနှိုင်းချက်များအရ ဇယား (၁)၊ (၂)၊ (၅) ပါ ပြဋ္ဌာန်းချက်များအပေါ် ပြင်ဆင်လိုသည့်အချက်များ၊ ဖြည့်စွက်လိုသည့်အချက်များကိုပြုစုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီသို့ တင်ပြနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချိတ်ဆက်မှုအားကောင်းလာပြီး လွှတ်တော်ဆိုင်ရာလုပ်ငန်းများလည်း ပိုမိုအဆင်ပြေချောမွေ့လာသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုကြောင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပိုမိုအဆင်ပြေအောင် လုပ်ဆောင်နိုင်သည်ကိုလည်း တွေ့ရပါကြောင်း။

တတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ၈၄-ခ အရ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(MPU)ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန် လိုအပ်သောကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union-MPU)တွင် အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် အတွင်းရေးမှူးအဖြစ် ဒုတိယနာယက Jang Phang နော်တောင်(ခ) ဦးနော်တောင်နှင့် အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့ကို တာဝန်သတ်မှတ်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union-MPU)ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းကို အစည်းအဝေးစတုတ္ထနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter- Parliamentary Assembly-AIPA) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly-AIPA) တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် မြစ်သားမဲဆန္ဒနယ် ဦးစန်းမြင့်တို့ အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းရန်လျာထားကြောင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းကို အစည်းအဝေး စတုတ္ထနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter- Parliamentary Union-IPU) ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter -Parliamentary Union-IPU)တွင် ဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၅)မှ ဦးအောင်သီဟတို့ အပါအဝင်အဖွဲ့ဝင်၁၄ဦးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းရန်လျာထားကြောင်းနှင့် လွှတ်တော်၏သဘောတူညီချက်ရယူခြင်းကို အစည်းအဝေးစတုတ္ထနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်း **အစား** နတ်တလင်းမဲဆန္ဒနယ်မှ ဦးတင့်လွင်ကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော် **အစား** ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ **အစား** ဒေါပုံမဲဆန္ဒနယ်မှ ဦးဝင်းကျော်နှင့် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင် **အစား** သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးတို့ကိုလည်းကောင်း၊ ကိုယ်စားလှယ်စိစစ်ရေးကော်မတီတွင် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ **အစား** တောင်ငူမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဦးနှင့် ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးအောင်မင်းနိုင် **အစား** မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၇) ဒေါက်တာဗညားအောင်မိုးတို့ကို အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ကို ကျင်းပပြုလုပ်မည့် နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များနှင့် တွေ့ဆုံ



နေပြည်တော် ဇွန် ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I - 5)၌ နိုင်ငံတကာဆက်ဆံရေး ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများ ပိုမိုသိရှိစေရန် "ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်လည်း Social Media များမှ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လွှတ်တော်၏ လုပ်ငန်းဆောင်တာများကိုအထောက်အကူပြုရန်အတွက် အမြဲတမ်းကော်မတီ လေးခုအပါအဝင် ကော်မတီပေါင်း ၂၂ ခုကို ဖွဲ့စည်းထားကြောင်း၊ အဆိုပါ ကော်မတီများအနက် ယနေ့တွေ့ဆုံသော နိုင်ငံတကာ ဆက်ဆံရေး ကော်မတီသည် အရေးကြီးသည့်ကော်မတီတစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အစိုးရသစ်၏ အသွင်ကူးပြောင်းရေးကာလတွင် ဤကော်မတီ၏ အခန်းကဏ္ဍသည် နိုင်ငံတော်အား အထောက်အကူပြုနိုင်ရေးအတွက် ပိုမိုအရေးကြီးလာမည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ အာဆီယံပါလီမန်များညီလာခံ (AIPA)နှင့် ပြန်လည်ထိတွေ့ ဆက်ဆံရေး၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ (IPU) နှင့် ပြန်လည်ထိတွေ့ဆက်ဆံမှုရရှိရေး၊ နိုင်ငံတကာလွှတ်တော်များ အချင်းချင်း ချစ်ကြည်ရေးအဖွဲ့ (Parliamentary Friendship Group) များ ဖွဲ့စည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာစံနှုန်းပြုဥပဒေများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေး ဥပမာ-လေထုညစ်ညမ်းမှုကာကွယ်ရေး၊ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်နိုင်ရေး စသည်တို့ကို ဦးစားပေးဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Truck-1.5နှင့် Truck-2 စနစ်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စသည်တို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အသေးစိတ် မှာကြားသည်။

ထို့နောက် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းက ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီရုံးခန်းနှင့် အစည်းအဝေးခန်းမများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပညာရဲရင့် ပွဲလယ်တင့်

ပညာရွှေအိုး လူမခိုး

# အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့်အနာဂတ်သို့ ဦးတည်

သိဃ်သူ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပေကျင်းမြို့ Capital လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

မဝေးသေးသည့် အတိတ်ဟုဆိုရမည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ( Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတို့က ကမ္ဘာ့သတင်းမီဒီယာများထက်မှာ အထင်ကရဖြစ်ခဲ့သည်။ နိုင်ငံတကာဆက်ဆံရေး နောက်ခံကားအနေဖြင့် ဧကဝင်ရိုးကမ္ဘာမှ ဗဟုဝင်ရိုးကမ္ဘာသို့ ပြောင်းလဲလာသည့် ကမ္ဘာ့အခင်းအကျင်းအသစ်တွင် အဆိုပါထိပ်သီးအစည်းအဝေးနှင့် စစ်ရေးပြအခမ်းအနားတို့က ထူးခြားလေးနက်သည့် အနက်အဓိပ္ပာယ်ဆောင်နေသည်ကို နိုင်ငံတကာကလည်း သိရှိနားလည်ခဲ့ကြသည်။

**SCO SUMMIT 2025 Plus သည် အကြီးမားဆုံးသော ထိပ်သီးအစည်းအဝေးဖြစ်**

SCO SUMMIT 2025 Plus သည် ယခင်ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးများနှင့် နှိုင်းယှဉ်လျှင် အကြီးမားဆုံးသော ထိပ်သီးအစည်းအဝေးဖြစ်ပြီး အစဉ်အလာအားဖြင့် အနောက်အုပ်စုနိုင်ငံများက လွှမ်းမိုးထားခဲ့သော ကမ္ဘာ့အချက်အချာ ဂလိုဘယ်ပါဝါရွေ့ပြောင်းမှုကို ထင်ရှားစွာ ပြသခဲ့ခြင်းဖြစ်သည်ဟု ပထဝီနိုင်ငံရေးသုတေသီများက ရှုမြင်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အဆိုပြုချက် (Global Governance Initiative) ၅ ချက်ကို တင်သွင်းခဲ့ရာတွင် (၁) နိုင်ငံတိုင်းသည် တန်းတူအခွင့်အရေးရှိကြောင်းကို အခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သင့်သည်။ (၂) ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှ စိုးမိုးရမည်ဟူသော အချက်ပေါ်တွင် အခြေခံသင့်သည်။ (၃) ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် နိုင်ငံအများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံသင့်သည်။ (၄) ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင် ပြည်သူကို ဗဟိုပြုချဉ်းကပ်သော နည်းလမ်းများပေါ်တွင် အခြေခံသင့်သည်။ (၅) ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် စစ်မှန်သော ရလဒ်များပေါ်တွင်သာ အခြေခံသင့်သည်ဟူ၍ ပါရှိခဲ့သည်။

တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင် တင်သွင်းခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှု ပဏာမအဆိုပြုချက် (၅)ချက်ကို ထိုစဉ်က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထောက်ခံခဲ့ရာတွင် "နိုင်ငံအများအပြား ရင်ဆိုင်နေရသည့် မမျှတမှုများကို ယခုအဆိုပြုချက် (၅) ချက်ပါ လုပ်ငန်းရပ်များနှင့် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရမည်ဟု မိမိအနေဖြင့် အပြည့်အဝ ယုံကြည်ပါကြောင်း" ပြောကြားခဲ့သည်။

**တရုတ်နိုင်ငံ၏အင်အားနှင့် စွမ်းဆောင်ရည်ကို ကမ္ဘာက မြင်တွေ့လိုက်ရခြင်းပင်ဖြစ်**


သတင်းမီဒီယာများတွင် V-Day ဟု ခေါ်ဆိုကြသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀)ပြည့်အခမ်းအနားမှာ ကမ္ဘာတစ်ဝန်းလုံးက အလေးထားကြည့်ရှုခဲ့ရသော လွန်စွာကြီးကျယ်သည့် အခမ်းအနားဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ စည်းစနစ်ကျနမှု၊ ကာကွယ်ရေးစွမ်းပကား ခေတ်မီမြင့်မားမှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသည်။ တရုတ်နိုင်ငံ တီယန်ကျင်းမြို့နှင့် ပေကျင်းမြို့တို့တွင် ကျင်းပခဲ့သည့် အဆိုပါအခမ်းအနား နှစ်ရပ်သည် ကမ္ဘာတွင် နိုင်ငံတကာအခင်းအကျင်းသစ် ဖြစ်ပေါ်နေသည့် အခြေအနေတွင် ကျင်းပခဲ့ခြင်းဖြစ်ရာ တရုတ်နိုင်ငံ၏အင်အားနှင့် စွမ်းဆောင်ရည်ကို အချိန်အခါကိုက်ညီစွာ ကမ္ဘာက မြင်တွေ့လိုက်ရခြင်းပင်ဖြစ်သည်။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ထောက်ခံအားပေးမှုရရှိခဲ့**

မြန်မာနိုင်ငံအနေဖြင့်မူ တရုတ်နိုင်ငံသမ္မတကြီး၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ယာယီသမ္မတ တက်ရောက်ခဲ့သည့် အဆိုပါအခမ်းအနားများက မိမိတို့နိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေခဲ့သည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရလည်းကောင်း၊ နိုင်ငံတကာရေးရာအရလည်းကောင်း အသိအမှတ်ပြုမှုများရရှိခဲ့ပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင်ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း ထောက်ခံအားပေးမှုရရှိခဲ့သည်။ ထိုစဉ်က နိုင်ငံတော်ယာယီသမ္မတသည် မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုလီးယားသမ္မတနိုင်ငံသမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့်အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများအရ ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အပိုင်းသုံးပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ယင်းရွေးကောက်ပွဲကြီးက လွတ်လပ်မှုနှင့် တရားမျှတမှုတို့ကို မှတ်ကျောက်တင်နိုင်ခဲ့သည်သာမက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းက လာရောက်၍ မဲပေးခဲ့ခြင်းအားဖြင့် ပြည်သူတို့၏ ရွေးကောက်ပွဲအပေါ် ယုံကြည်မှုနှင့် မျှော်လင့်ချက်များကိုပါ ပြသခဲ့ကြသည်။ အထူးသဖြင့် ရွေးကောက်ပွဲတွင် လာရောက်မဲပေးခဲ့ကြသူ စုစုပေါင်း၏ ၂၄ ရာခိုင်နှုန်းမှာ အသက် ၁၈ နှစ်မှ ၃၀ ကြား လူငယ်များဖြစ်ပြီး မဲပေးခဲ့သူများထဲတွင် အများဆုံးရာခိုင်နှုန်းအဖြစ် ပါဝင်ခဲ့ကြသည်။

စာမျက်နှာ ၁၁ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Liu Wei နှင့် တာဝန်ရှိသူများက ပေကျင်းမြို့ Capital လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**❖ တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း (CASC) သည် မြန်မာနိုင်ငံသို့လည်း အာကာသနည်းပညာဆိုင်ရာများ ဖြန့်ဝေပေးခြင်း၊ အာကာသနည်းပညာဆိုင်ရာ ပညာတော်သင် သင်တန်းသားများ ခေါ်ယူလေ့ကျင့်သင်ကြားပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် သစ်တော၊ ရာသီဥတု၊ ရေအရင်းအမြစ်နှင့် ပထဝီဆိုင်ရာ အချက်အလက်များကို ဂြိုဟ်တုနည်းပညာအသုံးပြု၍ တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၀ မှ*

ရွေးကောက်ပွဲတွင် နှစ်သက်ရာကိုယ်စားလှယ်လောင်းများကို မဲပေးရွေးချယ်ခဲ့ကြသည့် ပြည်သူတို့၏ အဓိကမျှော်လင့်ချက်၊ မျှော်မှန်းချက်မှာ နိုင်ငံတည်ငြိမ်အေးချမ်းရန်နှင့် လူမှုစီးပွားဘဝများ ပိုမိုကောင်းမွန်တိုးတက်စေရန်ဖြစ်သည်။ ဤသို့ဖြင့် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျဖြင့် ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်များနှင့် အစိုးရတို့ ပေါ်ပေါက်လာခဲ့ရာ တတိယအကြိမ်လွှတ်တော်များနှင့် တတိယမြောက် ဒီမိုကရေစီအစိုးရတို့က နိုင်ငံအရေး၊ ပြည်သူ့အရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရာတွင် မြန်မာနိုင်ငံက ခေတ်အဆက်ဆက်တွင် ကျင့်သုံးခဲ့သည့် လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ (Independent, Active and Non- Aligned Policy) ကိုပင် ဆက်လက်ကျင့်သုံးကာ နိုင်ငံ၏ စံတန်ဖိုးများနှင့်အတူ နိုင်ငံတော်၏ အကျိုးစီးပွားကို ပါ ကြိုးပမ်းမြှင့်တင်လျက်ရှိသည်။ မြန်မာ့အိမ်နီးချင်းနိုင်ငံများအနေဖြင့်မူ ထာဝရအတူယှဉ်တွဲနေထိုင်သွားကြရမည်ဖြစ်သော ရွေးချယ်ခွင့်မရှိသည့် မိတ်ဆွေများဖြစ်သည့်အလျောက် အထူးအလေးအနက်ထားကာ မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိပြီး နိုင်ငံများအလိုက် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံလုံး အကျိုးစီးပွားများဖြစ်ထွန်းစေရန်လည်း ဆောင်ရွက်လျက်ရှိသည်။

အစိုးရသစ်၏ အစောပိုင်းကာလအတွင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ရန် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ တရုတ်ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Capital လေဆိပ်သို့ ရောက်ရှိကြသည်။ နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Liu Wei ဦးဆောင်သည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြုတပ်ဖွဲ့က ဂုဏ်ပြုကြိုဆို

ထိုသို့ကြိုဆိုရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်ကြသည့် နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ထုံးတမ်းအစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ တရုတ်ကလေးငယ်တစ်ဦးနှင့် မြန်မာကလေးငယ်တစ်ဦးတို့က ဂုဏ်ပြုပန်းစည်း ကမ်း၍လည်းကောင်း နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ခရီးဦးကြိုဆိုခဲ့ကြသလို နိုင်ငံတော်သမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာရာ လမ်းကြောင်းတစ်လျှောက်၌ နှစ်နိုင်ငံ နိုင်ငံတော်အလံများကို လွှင့်ထူ၍ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထားမှုများကိုလည်း တွေ့မြင်ရသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း (CASC) ၌ Aerospace City ၏ အမှုဆောင်ချုပ်ဖြစ်သူ မစ္စတာကျိုးကျဲနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### အာကာသမြို့တော် သွားရောက်လေ့လာ

ခရီးရောက်မဆိုက်ပင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အာကာသမြို့တော် (Aerospace City) သို့ သွားရောက်လေ့လာရာ Aerospace City ၏ အမှုဆောင်ချုပ် မစ္စတာ ကျိုးကျဲနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ Aerospace City အမှုဆောင်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း (CASC) သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်လေ့လာမှုအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ မြန်မာ- တရုတ်နှစ်နိုင်ငံနှင့် ပြည်သူများသည် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် ဆက်ဆံရေးအထူးကောင်းမွန်လျက် ရှိပါကြောင်း၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် ပြည်သူများမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး အေးအတူပူအမျှ အပြန်အလှန်ဖေးမကူညီကြသော ကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Aerospace City မှ အမှုဆောင်ချုပ်နှင့် တာဝန်ရှိသူများက Aerospace City ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး Aerospace City ဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ Aerospace City အမှုဆောင်ချုပ်နှင့် ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

"Project 921" ဟူ၍ မကြာခဏ ရည်ညွှန်းလေ့ရှိသော Aerospace City သည် ပေကျင်းမြို့ Haiden District အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး အကျယ်အဝန်း ၂ ဒသမ ၃ စတုရန်း ကီလိုမီတာ (၅၇၇ ဧက) ကျယ်ဝန်းကာ ပေကျင်းအာကာသထိန်းချုပ်ရေးစင်တာ (Beijing Aerospace Control Centre.BACC)၊ တရုတ်အာကာသနည်းပညာအကယ်ဒမီ (China Academy of Space Technology- CAST) နှင့် တရုတ်အာကာသယာဉ်မှူးစင်တာ (Astronaut centre of China- ACC) တို့ အခြေစိုက်သည့် နေရာဖြစ်သည်။

Aerospace City အတွင်းရှိ တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း (CASC) သည် တရုတ်ဗဟိုအစိုးရက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော နိုင်ငံတော်ပိုင် အဆင့်မြင့်နည်းပညာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ CASC သည် တရုတ်နိုင်ငံ၏ အာကာသအစီအစဉ်များကို အဓိကဆောင်ရွက်နေပြီး နိုင်ငံကာကွယ်ရေးနှင့် အာကာသဆိုင်ရာ စူးစမ်းလေ့လာမှုများကို ပြုလုပ်ပေးလျက်ရှိသလို ကမ္ဘာ့အဆင့်မီ ကုမ္ပဏီစုစုပေါင်း ၅၀၀ ပေါင်းစည်း၍ အာကာသစနစ်များအတွက် သုတေသန၊ ဒီဇိုင်း၊ ထုတ်လုပ်မှု၊ စမ်းသပ်မှုနှင့် ဂြိုဟ်တုလွှတ်တင်မှု တို့ကို ဆောင်ရွက်နေသည်ဟုလည်း သိရသည်။

CASC သည် တရုတ်နိုင်ငံ၏ အာကာသယာဉ်များ လွှတ်တင်ပျံသန်းမှုတွင် အဓိကကျောရိုးဖြစ်ပြီး Long March ဟု လူသိများသည့် Changzheng ဒုံးယာဉ်များ ဒီဇိုင်းပြုလုပ်ခြင်းနှင့် ထုတ်လုပ်ခြင်း၊ ထျန်းကုန်း( Tiangong) အာကာသစခန်း တည်ဆောက်ခြင်း၊ ချန်အာ (Chang'e) လသို့ စူးစမ်းလေ့လာရေးအစီအစဉ်၊ ထျန်းဝမ် (Tianwen) အင်္ဂါဂြိုဟ်သို့ စူးစမ်းလေ့လာရေး အစီအစဉ်၊ ပေသို (Bei Dou) ဂြိုဟ်တုစနစ် ပတ်လမ်းကြောင်း၊ ကောင်းဖန်း(Geofen) ကမ္ဘာကိုလေ့လာသော ဂြိုဟ်တုနှင့် ဆက်သွယ်ရေး ဂြိုဟ်တုများ ထုတ်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် သတင်းအချက်အလက်နည်းပညာ၊ စွမ်းအင်သစ်၊ အဆင့်မြင့်ထုတ်ကုန်များနှင့် ပတ်ဝန်းကျင်အကာအကွယ်ပေးရေးဆိုင်ရာ အထောက်အကူပြုကိရိယာများ ထုတ်လုပ်ခြင်းတို့ကို အရပ်ဘက်ကဏ္ဍများအထိ နည်းပညာကျယ်ပြန့်စွာ အသုံးချနိုင်ရေး အဓိကထား ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

### အာကာသနည်းပညာဆိုင်ရာများ ဖြန့်ဝေ

တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း (CASC) သည် မြန်မာနိုင်ငံသို့လည်း အာကာသနည်းပညာဆိုင်ရာများ ဖြန့်ဝေပေးခြင်း၊ အာကာသနည်းပညာဆိုင်ရာ ပညာတော်သင် သင်တန်းသားများ ခေါ်ယူလေ့ကျင့် သင်ကြားပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် သစ်တော၊ ရာသီဥတု၊ ရေအရင်းအမြစ်နှင့် ပထဝီဆိုင်ရာ အချက်အလက်များကို ဂြိုဟ်တုနည်းပညာအသုံးပြု၍ တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသယာဉ် (Manned Spaceflight) အာကာသယာဉ်မှူး လေ့ကျင့်ရေးစနစ်ဆိုင်ရာ ပြခန်းအတွင်း လေ့လာကြည့်ရှုကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Aerospace City အမှုဆောင်ချုပ်နှင့်တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

❖ *ရှေ့ဖုံးမှ*

များတွင် ဆောင်ရွက်ခြင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မအူပင်၊ ညောင်တုန်းနှင့် အဖျောက်ရေနံမြေများတွင် ပါးလွှာသဲကြောများအား သုတေသနပြု၍ တိုးချဲ့သေနတ်ဖောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မအူပင်ရေနံမြေတွင် ပါးလွှာသဲကြောများအား တိုးချဲ့သေနတ်ဖောက်ခြင်းကို တွင်းအမှတ် (၁၈)၊ (၂၀)၊ (၁၆)နှင့် (၁၄) တို့တွင်ဆောင်ရွက်ခဲ့ရာ ယင်းတွင်းများမှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ (၆ ဒသမ ၈) ကုဗပေသန်းခန့်ကို ထုတ်ယူရရှိခဲ့ပြီး အဆိုပါသဘာဝဓာတ်ငွေ့များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အရောင်းဆိုင်များသို့ ပေးပို့ဖြန့်ဖြူးလျက်ရှိသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်တွင် မအူပင်ရေနံမြေ၌ တွင်းအမှတ် (၂၂)ရှိသဲကြောအားတိုးချဲ့သေနတ်ဖောက်ခဲ့ရာ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ (၁ ဒသမ ၄) ကုဗပေသန်းခန့် ထုတ်ယူရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိဓာတ်မြေသြဇာစက်ရုံများ၊ အခြားစက်ရုံ၊ အလုပ်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် အရောင်းဆိုင်များသို့ တိုးချဲ့ပေးပို့ဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် "ပြည်သူလူထု၏သယံဇာတအား ပြည်သူ့ထံသို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တိုးချဲ့ရှာဖွေ ထုတ်လုပ်ပေးနိုင်ရေးနှင့် ပြည်ပမှ စွမ်းအင်သွင်းကုန်များ လျှော့ချပြီး ပြည်တွင်းစွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရေတို/ရေရှည် အစီအမံများချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(နဝမနေ့) ဆက်လက်ကျင်းပ

မန္တလေး ဇွန် ၁၆

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(နဝမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၇)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် စုစုပေါင်း(၇၅)ဦးတက်ရောက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၉)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၁၃)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီးက "မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းရန်" အဆိုအား လွှတ်တော်သို့တင်သွင်းခြင်း၊ လွှတ်တော်ဥက္ကဋ္ဌမှ ၎င်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်မှ သဘောတူသည့်အတွက် အတည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(နဝမနေ့)ကို ၁၀ နာရီ ၅၅ မိနစ်တွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒသမနေ့)ကို ၁၇.၆.၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

(မန္တလေးနေ့စဉ်-၈)

## မဟာမုနိဘုရားကြီး (၉၈)ကြိမ်မြောက် ဝါဆိုခြင်းအလှူခတ်ပွဲကျင်းပ

မန္တလေး ဇွန် ၁၆

မဟာမုနိဘုရားကြီး၏နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုခြင်းအလှူခတ်ပွဲတော်အား မဟာမုနိဘုရားကြီး၏ အနောက်(၄၅)တာ ခြင်းလုံးအားကစားရုံတွင်ကျင်းပသည်။

ဝါဆိုခြင်းအလှူခတ်ပွဲတော် ပထမပိုင်းအစီအစဉ်အဖြစ် ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီရိပျံချီ ဦးကျော်ဆန်းဦးဆောင်သောအဖွဲ့က ခြင်းအလှူခတ်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ခြင်းအလှူခတ်ပွဲတော် ဒုတိယပိုင်းအစီအစဉ်အဖြစ် ခြင်းအားကစားရုံအတွင်းကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီရိပျံချီဦးကျော်ဆန်းကအဖွင့်အမှာစကားပြောကြားရာတွင် မဟာမုနိဘုရားကြီး ခြင်းအလှူခတ်ပွဲတော်အား ၁၉၂၆ခုနှစ် (မြန်မာသက္ကရာဇ်-၁၂၈၈ခုနှစ်)မှစတင်ကျင်းပခဲ့ပြီး (၉၈)ကြိမ်သို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ခြင်းဝါသနာရှင်များအနေဖြင့် မိမိတို့တတ်မြောက်ထားသော ခြင်းပညာစွမ်းပကားဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို လုပ်အားဒါန၊ ပညာဒါနပြုပူဇော်ခတ်ကစားကြခြင်းဖြစ်သဖြင့် မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သည့် ခြင်းပညာရပ်အား နှစ်ပေါင်းများစွာ မျိုးဆက်မပြတ်စေရေး ထိန်းသိမ်းစောင့်ရှောက်ပေးကြပါသော ခြင်းပညာရှင်ကြီးများနှင့်ခြင်းအားကစားသမားများအား အထူးလေးစားဂုဏ်ယူပါကြောင်း၊ ဆက်လက်ကြိုးစားထိန်းသိမ်းကြစေလိုကြောင်း ထို့အပြင် မဟာမုနိဘုရားကြီး၏ နှစ်စဉ်ဘုရားပွဲတော်တွင်လည်း ခြင်းအလှူခတ်ပြိုင်ပွဲပါဝင်မည်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်ထားကြရန်လည်း တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသွားသည်။

အခမ်းအနားသို့ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ခြင်းပညာရှင်များ၊ ခြင်းအားကစားသမားများ စုစုပေါင်း ၆၀၀ ဦးခန့် တက်ရောက်ကြသည်။

ခြင်းအလှူခတ်ပွဲတော်တွင် ခြင်းအသင်းပေါင်း ၉၀၀ ပါဝင်အလှူခတ်ကစားကြမည်ဖြစ်ပြီး တစ်နေ့လျှင် အသင်း ၂၀ တို့က ယနေ့မှစတင်ကာ(၄၅)ရက်ကြာ အလှူခတ်ဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)





## ရေပေးရေးလုပ်ငန်းနှင့် ကုန်ထုတ်လမ်းများ ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ

မချမ်းဘော ဇွန် ၁၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး ဆင်လွှယ်ဒမ်း-၂ ကျေးရွာ၊ မန်နိုကျေးရွာနှင့် ပန်ဆပ်ကျေးရွာတို့တွင် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝန်ဂျူ ခရီးစဉ်တွင် ကျေးရွာလူထုတင်ပြချက်အရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ယမန်နေ့က မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဆင်လွှယ်ဒမ်း-၂ကျေးရွာတွင် ကုန်ထုတ်လမ်းသစ်ဖောက်လုပ်နိုင်ရေးကွင်းဆင်းတိုင်းတာခြင်း၊ မန်နိုကျေးရွာနှင့်ပန်ဆပ်ကျေးရွာတို့တွင် ဆောင်ရွက်ပြီးစီးသည့် ရေပေးရေးလုပ်ငန်းများအား မွမ်းမံပြုပြင်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ကြောင်း မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းထံမှ သိရသည်။

(အောင်ရဲကျော်)

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး ဇွန် ၁၆

လူငယ်ရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သားဖွားသင်တန်းကျောင်း(ပြင်ဦးလွင်)တို့ပူးပေါင်း၍ လူငယ်နှင့်အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ သားဖွားသင်တန်းကျောင်း(ပြင်ဦးလွင်)တွင် ကျင်းပခဲ့သည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်က လူငယ်ကဏ္ဍာ(၁၆)ရပ်နှင့်ပတ်သက်၍ လည်းကောင်း၊ ပြင်ဦးလွင်ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းအိက အမှာစကားကိုလည်းကောင်း ပြောကြား၍ စာရေးဆရာကြီး ဦးရွှေအောင်သင်းမှ "လူငယ်နှင့်အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့ပြီးနောက် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသူများအား ဉာဏ်စမ်းဗဟုသုတမေးခွန်းများမေးမြန်း၍ ဆုလက်ဆောင်များချီးမြှင့်ခဲ့သည်။

ဆက်လက်၍ သားဖွားသင်တန်းကျောင်းသို့ အားကစားပစ္စည်းများပေးအပ် လှူဒါန်းခဲ့ပြီးနောက် မြန်မာနိုင်ငံလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း MYDA (မန္တလေးတိုင်းဒေသကြီး)မှ ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း၊ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး၊ စာရေးဆရာကြီး ဦးရွှေအောင်သင်း၊ ခရိုင်ကုသရေးဦးစီးဌာနမှူး၊ သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် မြန်မာနိုင်ငံလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း MYDA နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀



# ကျောင်းပြင်ပရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများအတွက် Placement Test (အထူးအစီအစဉ်) ဖြေဆိုလျက်ရှိ



**မြို့သစ် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားနိုင်ခြင်းမရှိဘဲ ကျောင်းပြင်ပရောက်ရှိနေသော အခြေခံပညာအဆင့် Grade-1 မှ Grade-8 အထိ ကျောင်းသား၊ ကျောင်းသူများအတွက် Placement Test (အထူးအစီအစဉ်) စာမေးပွဲများ စတင်ဖြေဆိုခြင်းကို ယမန်နေ့ နံနက်ပိုင်းကစတင်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ထိုသို့ Placement Test (အထူးအစီအစဉ်)ဖြေဆိုရာတွင် အခြေခံပညာအဆင့် Grade-1 မှ Grade-3 တွင် ဖြေဆိုသူ ငါးဦး ဖြေဆိုရက် နှစ်ရက်၊ Grade-4 မှ Grade-5 အထိ ဖြေဆိုသူ ၁၅ ဦး ဖြေဆိုရက် ငါးရက်၊ Grade-6 မှ Grade-8 အထိ ဖြေဆိုသူ ၂၇ ဦး ဖြေဆိုရက် ခြောက်ရက်ဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၇ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ဆရာမများက အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းအိဇွန်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြော



**မန္တလေး ဇွန် ၁၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်မေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်များအနေဖြင့် စာအုပ်၊ စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေကို အမြဲလေ့လာဖတ်ရှုနေမှသာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကိုလည်း ရှာဖွေ၍ လေ့လာမှတ်သားစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီဝင်းသူက လူငယ်များအတွက် ပညာ၏တန်ဖိုးနှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၅၆)**

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး



**မန္တလေး ဇွန် ၁၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ အားကစားသမား သင်တန်းသူ၊ သင်တန်းသားများကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စာအုပ်၊စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အားလပ်သည့် အချိန်များတွင် စာဖတ်ခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ ယင်းမိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော် ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် စာအုပ်၊ စာစောင်အသစ်များ အခမဲ့လှယ်လဲပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက တစ်ဦးလျှင် စာအုပ် နှစ်အုပ်နှုန်းဖြင့် အခမဲ့ ငှားရမ်းဆောင်ရွက်ခဲ့သည်။

ထိုစာအုပ်၊စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇင်မင်းမောင်(ခရိုင်-ပြန်/ဆက်)**

**ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး**

## မေတ္တာတေးသံ ဘဝဂ်ညံ


* ချစ်သား လူလု ၊ ပဏ္ဍိတတို့
ဘိုးဘ တိုင်းပြည် ၊ ဖွံ့ဖြိုးစည်ရန်
ဇာနည် စိတ်ထား ၊ ကြံ့ကြံ့ပွား၍
မနား နေ့ရက် ၊ 'လ' 'နှစ်' ဆက်ကာ
ပြည်နက်တာဝန် ၊ ထမ်းကျေပွန်မှ
တံခွန်ကြယ်လား ၊ ဝင့်ဝါကြွားလိမ့် ။

* ချစ်သား နထွေး ၊ ကဝိသွေးတို့
ဆိုရေး ရှိက ၊ ဆိုအပ်လှရှင့်
ကိစ္စ မှားယွင်း ၊ လုပ်ဆောင်ခြင်းကို
ချက်ချင်း ညီညာ ၊ ပြုပြင်ပါမှ
တာဝန် ဝတ်ကျေ ၊ သစ္စာဝေ၍
များထွေ နောင်ရေး ၊ စဉ်မြဲ အေးလိမ့် ။

* ချစ်သား ဉာဏ်ရှိ ၊ မြတ်မဏိတို့
အသိကို မြှင့် ၊ မျက်စိဖွင့်လျက်
လုပ်သင့် မှန်ရာ ၊ လုပ်ဆောင်ပါမှ
နောင်ခါ ပြည်ရေး ၊ မြော်မြင် တွေး၍
စိတ်အေး ချမ်းသာ ၊ ပြည်မြန်မာဟု
ကမ္ဘာတွင် မော် ၊ ခိုင်ခံ့ကျော်လိမ့် ။

* အို ... ချစ်သား သူရ ၊ ဖူးငုံမြတို့
ဘဝထွေလာ ၊ ပြဿနာကို
ပညာ ဦးစီး ၊ ဉာဏ်ဆီမီးနှင့်
စုစည်း ဆန်းစစ် ၊ တော်ကောင်းဖြစ်မှ
မေတ္တာ တေးသံ ၊ ဘဝဂ်ညံလျက်
အောင်လံ လွင့်လွင့် - ဝင့်လိမ့်တကား ။ ။

အိမ်တင်အေး(ပုလဲ)





# နိုင်ငံတကာ အားကစား သတင်းများ

## အွန်ယေကာ လေဗာကူဆင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဇွန် ၁၆**

လေဗာကူဆင်အသင်းသည် အသင်းကွင်းလယ်ကစားသမား အွန်ယေကာကို ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် လေဗာကူဆင်အသင်းက ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အွန်ယေကာသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

လေဗာကူဆင်အသင်း၏ ထုတ်ပြန်ချက်တွင် "အွန်ယေကာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။



(ဝဲပုံ) (NGB)

## ပေါ်ရို စပါးအသင်းနှင့် ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၁၆**

စပါးအသင်းသည် အသင်းနောက်ခံကစားသမား ပေါ်ရိုကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ ပွဲကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက ကာလရှည်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ပေါ်ရိုက "ကျွန်တော် အသင်းနဲ့အတူ ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အနာဂတ်မှာ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာပျော်ရွှင်နေပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဆာဘာရီလာမူချီကို နည်းပြရာထူးမှ တူနီးရှားအသင်းထုတ်ပယ်

**လန်ဒန် ဇွန် ၁၆**

တူနီးရှားအသင်းသည် အသင်းနည်းပြ ဆာဘာရီလာမူချီကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

တူနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်တွင် ဂျာမနီအသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ဆာဘာရီလာမူချီကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆာဘာရီလာမူချီသည် တူနီးရှားအသင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၅ ပွဲတွင် ၁ပွဲ နိုင်၊ ၁ပွဲသရေ၊ ၃ပွဲရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက် (၅၄)နှစ်အရွယ်ရှိ နည်းပြ ဆာဘာရီလာမူချီသည် ၂၀၂၆ ကမ္ဘာ့ဖလားတွင် ရာထူးမှ ပထမဆုံးထုတ်ပယ်ခံရသည့် နည်းပြအဖြစ်လည်း မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

(အောက်ပုံ) (NGB)



### ၂၀၂၆ ကမ္ဘာ့ဖလား (အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၇-၆-၂၀၂၆ ည ၁၁း၃၀ နာရီ | K | ပေါ်တူဂီ - ဒီအာကွန်ဂို |
| ၁၈-၆-၂၀၂၆ နံနက် ၀၂း၃၀ နာရီ | L | အင်္ဂလန် - ခရိုအေးရှား |
| ၁၈-၆-၂၀၂၆ နံနက် ၀၅း၃၀ နာရီ | L | ဂါနာ - ပနားမား |
| ၁၈-၆-၂၀၂၆ နံနက် ၀၈း၃၀ နာရီ | K | ဥဇဘက်ကစ္စတန် - ကိုလံဘီယာ |



## ဥရုဂွေးအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

**လန်ဒန် ဇွန် ၁၆**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (H)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကမ္ဘာ့အဆင့်(၁၆)ရှိ ဥရုဂွေးအသင်းနှင့် ကမ္ဘာ့အဆင့်(၆၁)ရှိ ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဥရုဂွေးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် အာရှုဂျီက သွင်းယူပေးခဲ့ပြီး ဆော်ဒီအာရေဗျအသင်းအတွက် ဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် အယ်လ်အမ်ရီက သွင်းယူပေးခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (H)ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၁ရက်တွင် ဆော်ဒီအာရေဗျအသင်းက စပိန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၂၂ရက်တွင် ဥရုဂွေးအသင်းက ကိပ်ဗာဒီအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဂျက်စီကာဆေးလ်ဗာကို ခေါ်ယူရန် ဂါလာတာစာရေးအသင်းစီစဉ်

**လန်ဒန် ဇွန် ၁၆**

ဂါလာတာစာရေးအမျိုးသမီးအသင်းသည် အယ်လ်ဟီလယ် အမျိုးသမီးအသင်းမှ ထွက်ခွာမည်ဟု ကြေညာထားသည့် တောင်ပံကစားသမား ဂျက်စီကာဆေးလ်ဗာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(အောက်ယာပုံ)**

အသက်(၃၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အယ်လ်ဟီလယ်အမျိုးသမီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအမျိုးသမီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဂျက်စီကာဆေးလ်ဗာကိုယ်တိုင်ကလည်း ဂါလာတာစာရေးအမျိုးသမီးအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိသည်။

ထို့ကြောင့် ဂါလာတာစာရေးအမျိုးသမီးအသင်းအနေဖြင့် ဂျက်စီကာဆေးလ်ဗာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ဗန်ဘရွန်ခရော့စ်ကို နည်းပြသစ်အဖြစ် ဖီယင်နုအသင်းခန့်အပ်

**လန်ဒန် ဇွန် ၁၆**



နယ်သာလန်ကလပ် ဖီယင်နုအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဗန်ဘရွန်ခရော့စ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဖီယင်နုအသင်းနှင့်အတူ ၂နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဗန်ဘရွန်ခရော့စ်သည် နည်းပြဘဝတစ်လျှောက်တွင် ရိန်းဂျားစ်၊ ဘီဆစ်တပ်စ် စသည့်ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဖီယင်နုအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၁)နှစ်အရွယ်ရှိ ဗန်ဘရွန်ခရော့စ်က "ကျွန်တော် အခုလို ဖီယင်နုအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဖီယင်နုအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## ဂျရမီဘိုဂါကို ဂျူဗင်တပ်အသင်း အပြီးသတ်ခေါ်ယူ

**တူရင် ဇွန် ၁၆**

ဂျူဗင်တပ်အသင်းသည် နိစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်တိုက်စစ်ကစားသမား ဂျရမီဘိုဂါကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။ **(ယာပုံ)**

ကွင်းလယ်တိုက်စစ်ကစားသမား ဂျရမီဘိုဂါသည် ပြီးခဲ့သည့် ဘောလုံးရာသီက နိစ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၇ ပွဲ ကစားကာ လေးဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား နှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီး၊ စပါး၊ နယူးကာဆယ်အသင်းတို့သည် ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ဗလာဟိုဗစ်ကို အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ရိုးမားအသင်းသည် မာဆေးလ်အသင်းတိုက်စစ်မှူး ဂရင်းဝုဒ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

(NGB)

## 2026 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဇွန် ၂၁ ရက်တွင် စတင်မည်

**မာယော့ကာ ဇွန် ၁၆**

စပိန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mallorca Championships တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၂၁ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Mallorca Championships တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၁ရက်မှ ၂၈ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Mallorca Championships တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Mallorca Championships တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ နယ်သာလန်တင်းနစ်ကစားသမား Tallon Griekspoor ဖြစ်သည်။

(အောက်ပုံ) (NGB)






မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္မ-မြိုင်သွားကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့မှု နေရာပြပုံ။

❒ စာမျက်နှာ ၂၄ မှ
PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ကတ္တရာလမ်းအား ကျင်းတူးပြီး ဆီပီပါခွံများဖြင့် ကားမိုင်းအဖြစ်ပြုလုပ်ကာ မိုင်းထောင်ပိတ်ဆို့ထားရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဆိုပါ ကားလမ်းတစ်လျှောက် မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ် မန်ကျည်းတန်းကျေးရွာအနီး ကားလမ်းဘေးဝဲ/ယာ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့ ထောင်ထားသည့် ဆီပီပါဖြင့် ပြုလုပ်ထားသည့် ကားမိုင်းကြီး ၁၇ လုံး၊ ပလတ်စတစ်ပုံးအဝါဖြင့် ပြုလုပ်ထားသည့် ကားမိုင်း ၁၃ လုံး၊ လက်လုပ်တိုက်မိုင်း ရှစ်လုံး၊ လက်လုပ်ရှေ့ထွက်မိုင်း ၄၂ လုံး၊ စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ တို့ကို တွေ့ရှိခဲ့ပြီး အဆိုပါမိုင်းများအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ် မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်ကာ စနစ်တကျဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

လုံခြုံရေးအဖွဲ့များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို လူမဆန်စွာပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဒေသတွင်း အခြေချနေထိုင်နိုင်ခြင်းမရှိစေရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◌ စာမျက်နှာ ၂၄ မှ
Analog မီတာများအား AMI မီတာများဖြင့် လဲလှယ်ခြင်း၊ လက်ရှိတပ်ဆင်အသုံးပြုထားသော Digital မီတာအတွင်းရှိ ဓာတ်အားသုံးစွဲခဲ့မှုမှတ်တမ်းအချက်အလက်များအား Download ရယူခြင်း၊ AMI CT မီတာများအား SIM Card များထည့်၍ Control Center ဖြင့် ချိတ်ဆက်ခြင်း၊ မီတာများတွင် တပ်ဆင်ထားသော Seal မှတ်တမ်းများအား ESE Billing Server နှင့် ချိတ်ဆက်ခြင်း၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်အတွက် AMI Monitoring and Control Center ကြီးကြပ်ရေးအဖွဲ့မှ မေ ၂၅ ရက်မှစ၍ သွားရောက်စစ်ဆေးလျက်ရှိသည်။

ထိုသို့စစ်ဆေးရာတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့တွင် အသုံးပြုလျက်ရှိသည့် စီးပွားရေးလုပ်ငန်းသုံးမီတာ ၅၂ လုံးတို့အနက် မသမာသောနည်းလမ်းဖြင့် ဓာတ်အားရယူသုံးစွဲသူ ၁၃ ဦးကို စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။ မသမာသောနည်းလမ်းဖြင့် ဓာတ်အားရယူသုံးစွဲသည့်ဖြစ်စဉ်ကြောင့် နိုင်ငံတော်အနေဖြင့် နေ့စဉ်လူဦးရေ ၃၆၆၉ ဦးခန့် လျှပ်စစ်မီး သုံးစွဲခွင့်မရရှိခြင်းနှင့်ညီမျှသော လျှပ်စစ်ဓာတ်အား ယူနစ်ပေါင်း ၁,၂၀၅,၂၆၆ (တစ်သန်းနှစ်သိန်း ငါးထောင်နှစ်ရာခြောက်ဆယ့်ခြောက်ယူနစ်) ဆုံးရှုံးခဲ့ရပြီး ငွေကျပ် ၇၈၅ သန်းကျော် ဆုံးရှုံးနစ်နာစေခဲ့သဖြင့် လျှပ်စစ်မီတာများကို ချက်ချင်းပိတ်သိမ်းခဲ့ကာ လျှပ်စစ်ဥပဒေနှင့်အညီ နစ်နာဆုံးရှုံးမှုများ ပြန်လည်ရရှိရေး ဆောင်ရွက်နိုင်ခဲ့သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာ သတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူ ဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုများ သိသာစွာလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ယနေ့နံနက် ၉ နာရီက မြို့နယ်လမ်းဆုံမီးပွိုင့်၌ မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထိန်းသိမ်းလိုက်နာကြစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုအရာခံဗိုလ် စိုးပိုင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်များတွင် ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ထားမှု ရှိ၊ မရှိများကို စစ်ဆေးခြင်း၊ အသက်ကယ် ထိုင်ခုံခါးပတ်များအား မော်တော်ယာဉ်မောင်းများ တပ်ဆင်မောင်းနှင်ခြင်း ရှိ၊ မရှိများကို စစ်ဆေးခြင်း၊ မော်တော်ယာဉ်မောင်းများ ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် မော်တော်ယာဉ်လိုင်စင်များကို သက်တမ်းတိုးမြှင့်ထားမှု ရှိ၊ မရှိများအား စစ်ဆေးခဲ့ကာ တိုးမြှင့်ထားမှုမရှိပါက ဆက်လက်တိုးမြှင့်ကြရန် မေတ္တာရပ်ခံအသိပေးပြောကြားခဲ့သည်။ ထို့အပြင် မော်တော်ယာဉ်များတွင် လိုက်ပါစီးနင်းသူများ၏ အသက်အန္တရာယ်သည် ယာဉ်မောင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်သွားကြရန်အတွက် ယာဉ်မောင်းများကို အသိပညာပေးပြောကြားခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**နောင်နောင်(မိဿနိုးမြေ)**

✳ စာမျက်နှာ ၂၄ မှ
နိုင်ငံသား ၁၀ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံနှင့် ကင်ညာနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်ပြီး ဖော်ထုတ်ထိန်းသိမ်းထားရှိခဲ့သည့် တရုတ်နိုင်ငံသား လေးဦးအား ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှု ကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃ (၁) အရ ၁၅-၆-၂၀၂၆ ရက်နေ့တွင် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ခဲ့ပြီး တရားစွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန်လ ၁၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၅၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၉၅ ဦးတို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။


**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းဖြေ၏။**

**ထာဝရကုသိုလ်ရယူဖို့**
**သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္မ - မြိုင်ကားလမ်းမပေါ်၌ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ အား ဖယ်ရှားရှင်းလင်းနိုင်ခဲ့

နေပြည်တော် ဇွန် ၁၆

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ကုန်စည်စီးဆင်းမှုကိုရပ်တန့်စေရန် အများပြည်သူသွားလာ အသုံးပြုလျက်ရှိသော လမ်းမကြီးများ၊ ရထားလမ်းများအား ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့နယ် ကမ္မမြို့နှင့် မြိုင်မြို့နယ်သို့ ဆက်သွယ်ထားသည့် ကမ္မ-မြိုင်သွားကားလမ်း တစ်လျှောက်တွင်

စာမျက်နှာ ၁၅ သို့ ❐



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္မ-မြိုင်သွားကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့မှုကို တွေ့ရစဉ်။



## လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် လျှပ်စစ်ဓာတ်အားတရားမဝင်ရယူသုံးစွဲမှုများကို စစ်ဆေးအရေးယူခဲ့ခြင်းနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်

နေပြည်တော် ဇွန် ၁၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့များရှိ ပျမ်းမျှယူနစ်ဖြင့် ဓာတ်အားခကောက်ခံလျက်ရှိသည့် နှစ်ကြာ/ ရပ်ပျက်နေးမီတာများနှင့် LNG နှုန်းဖြင့် ကောက်ခံလျက်ရှိသည့်

စာမျက်နှာ ၁၅ သို့ ✪

## ရူဘင်အမိုရင်မ်ကို နည်းပြသစ်အဖြစ် အေစီမီလန်အသင်း ခန့်အပ်

မီလန် ဇွန် ၁၆



အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် မန်ယူအသင်းနည်းပြဟောင်း ရူဘင်အမို ရင်မ်ကို ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အဆိုပါ နည်းပြသည် အေစီမီလန်အသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ရူဘင်အမိုရင်မ်သည် နည်းပြဘဝတစ်လျှောက်တွင် မန်ယူ၊ စပို့တင်းလစ္စဘွန်း၊ ဘရာဂါစသည့် ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အေစီမီလန်အသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၁)နှစ်အရွယ်ရှိ ရူဘင်အမိုရင်မ်က 'ကျွန်တော်ကို အေစီမီလန်အသင်းနည်းပြအဖြစ် ဆောင်ရွက်ခွင့်ပေးခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကို အကောင်းဆုံးအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်သွားမှာပါ'ဟု ပြောသည်။

(NGB)

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်း

နေပြည်တော် ဇွန် ၁၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ကိုးဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်းပြည်ပ

စာမျက်နှာ ၁၅ သို့ ✳



## ဇင်မိုးပြည့်နှင့် ရွှန်းလဲ့နိုင်တို့၏သွင်းဂိုးများဖြင့် အဖွင့်ပွဲစဉ်ကို အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း



ရန်ကုန် ဇွန် ၁၆

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းသည် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အဖွင့်ပွဲစဉ်အဖြစ် ရတနာပုံအမျိုးသမီးအသင်းအား အိမ်ကွင်းတွင် လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက် အမျိုးသမီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများရှိခဲ့သော်လည်း ပထမပိုင်း ၄၅ မိနစ် ပြီးဆုံးသည်အထိ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်အမျိုးသမီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပိုမိုမြင်တွေ့ခဲ့ရပြီး (၅၆)မိနစ်တွင် ဇင်မိုးပြည့်၏ ဇရိယာထိပ်မှလှပသော သွင်းဂိုးဖြင့် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီး ပွဲကို စတင်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းအတွက် ဒုတိယဦးဆောင်ဂိုးအား ပွဲချိန် (၈၅) မိနစ်တွင် ဇင်မိုးပြည့်ကပင် ဘယ်ခြမ်းမှမထင်မှတ်ထားသည့် အနေအထားကနေ ဂိုးထဲသို့လှလှပပ ထပ်မံကန်သွင်းယူနိုင်ခဲ့သည်။ ချက်ချင်းပင် ရတနာပုံအမျိုးသမီးအသင်းမှ ချေပဂိုးရရှိခဲ့ပြီး ပွဲချိန် (၈၆)မိနစ်တွင် နန်းကွမ်ခေးက သွင်းယူပေးခဲ့သည်။ ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းအတွက် ပွဲသိမ်းအနိုင်ဂိုးကို ပွဲချိန် (၈၇)မိနစ်တွင် ရွှန်းလဲ့နိုင်က သွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းသည် လက်ရှိတွင် တစ်ပွဲကစား၊ တစ်ပွဲနိုင်ရလဒ်ရရှိထားပြီး ပွဲစဉ်(၂)အဖြစ်လာမည့် ဇွန် ၂၂ ရက်တွင် မြဝတီအမျိုးသမီးအသင်းနှင့် သုဝဏ္ဏကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

၀-၀-၀-၀-၀-၀